
# နှင်းလားဟဲ့ဂျပန်

## အပိုင်း (၄)

● မီအိုက အိအိချော





www.facebook.com/timestudy.myanmar

**မကြာခင်** ဆာကူရာပန်းတွေ ပွင့်ကြပေတော့မည်။ မတ်လလကုန်ပိုင်းကိုရောက်လျှင် ဧပြီလမှာ စတင်ဖွင့်လှစ်မယ့် စာသင်နှစ်အတွက် COE အောင်ပြီး ဂျပန်နိုင်ငံကို ပညာသင်ကြားဖို့ ကျောင်းသားတွေ ထွက်ခွာကြမှာ ဖြစ်ပါတယ်။ အဲဒီ ကျောင်းသားတွေအတွက် သာမက ဂျပန်ကို စိတ်ဝင်စားကြတဲ့ ကျောင်းသားတွေအတွက်ကိုပါ ရည်ရွယ်ပြီး ဗဟုသုတရနိုင်စေဖို့ သည်စာမူလေးကို ဖော်ပြပေးလိုက်ရပါတယ်။



CamScanner

ဘာကြောင့်လည်းဆိုတော့ မြန်မာနိုင်ငံမှာ ဂျပန်စာ လေ့လာသင်ယူလာတဲ့ ကျောင်းသား အရေအတွက်တွေ တစ်နှစ်ထက် တစ်နှစ်များ ပြားလာမှု၊ ဂျပန်နိုင်ငံကို ပညာတော်သင် လာကြတဲ့ ကျောင်းသားတွေ များလာတာနဲ့ အမျှ ဂျပန်နိုင်ငံမှာ သူတို့ဘာတွေကြုံတွေ့ခံစား နေကြရသလဲဆိုတဲ့ အတွေ့အကြုံလေးတွေကို ကျွန်မသိသလောက်လေး မျှဝေပေးချင်တဲ့ဆန္ဒ နှင့်ပါ။

ကျွန်မ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့မှာ YUFL ရဲ့ ဒီပလိုမာမနက်ခင်းအတန်းမှာ ဂျပန်စာ သင်ကြားခွင့်ရခဲ့ပါတယ်။ အဲဒီအကြောင်းကို တော့ ရေးခဲ့ပြီးပါပြီ ။ ကျွန်မကို ဘာကြောင့် YUFL မှာ တက်ခဲ့ရတာလဲ။ ဘယ်လိုအကျိုးရလဒ်တွေ ရခဲ့သလဲလို့ မေးကြပါတယ်။ တစ်ခုပြောချင်တာ ကတော့ YUFL မှာစတက်တော့မယ်လို့ဆုံးဖြတ် ပြီးသွားရင်တော့ ငါဘယ်လောက် စာကြိုးစား နိုင်မလဲ ဘယ်လောက် အမှီလိုက်နိုင်မလဲဆိုတာကို ကိုယ့်ဘက်က ကြိုတင်ပြင်ဆင်ထားဖို့လိုအပ်ပါ တယ်ဆိုတဲ့အကြောင်းပါပဲ။ တက္ကသိုလ်အဆင့် ဖြစ်တဲ့အတွက် သတ်မှတ်ထားတဲ့ Course တွေ ကို အပြီးသင်ပြီး လစဉ်Test တွေရှိနေတဲ့အတွက် စာမကျက်လို့မရပါဘူး။ စာမဖတ်လို့မရပါဘူး။ အတန်းထဲမှာသင်တဲ့စာတွေကို အမှီလိုက်နိုင်ဖို့ ဆိုတာအပြင် အပြင်စာတွေကိုပါ လေ့လာထားဖို့ လည်း လိုအပ်ပါတယ်။ ကိုယ့်ဘက်ကကြိုတင် ပြင်ဆင်ထားမှုနှင့်ဖွဲ့မရှိဘူးဆိုရင်တော့ အမှီလိုက် နိုင်ဖို့ဆိုတာမလွယ်လှပါဘူး။ ဘာကြောင့်လဲဆို တော့ ကျွန်မတို့တုန်းက ဂျပန်စာဝင်ခွင့်အတွက် ဝင်ခွင့်အောင်တဲ့သူ ၇၇ ယောက်ရှိတဲ့အနက်မှာ ကျောင်းပြီးတော့ အဲဒီအထဲကမှ ၇ ယောက်ပဲ ဘွဲ့ ရခဲ့တဲ့အတွက်ကြောင့်ပါ။ သင်တဲ့ Courseတွေက လည်း မြင့်သလို တစ်နှစ်မှာ စာမေးပွဲအားလုံး ပေါင်း ဆယ်ကြိမ်ဖြေရပါတယ်။ YUFL ဒုတိယ နှစ်မှာ ကျွန်မတို့သင်ခဲ့ရတဲ့စာအုပ်ကို အခု ကျွန်မ တက်နေတဲ့ကျောင်းမှာ Chuukyuu Level ကို သင်ပေးနေတာပါ။ ဒီလောက်ဆိုရင်တော့ သိ လောက်ပါပြီ။ အဲဒီတုန်းကဆရာတွေက နည်း နည်းတော့ ခက်ပေမယ့် ကြိုးစားသင်ယူကြပါဆို တဲ့အတိုင်း ကြိုးစားခဲ့မိလို့ အခုတော့ အဲဒီအ ကျိုးကို ခံစားရပါပြီ။ နောက်တစ်ခု ထပ်ပေါင်းပြီး ပြောပါရစေ။ YUFL မှာတက်မှလားဆိုတဲ့မေးခွန်း လေးပါ။ ကျွန်မ ရန်ကုန်မှာရှိသမျှ ဂျပန်စာသင် တန်းကျောင်းဆိုရင် ဘုန်းကြီးကျောင်းမှာ သင်တဲ့ ပညာဒါနအတန်းပါမကျန် အစုံအစုံလျှောက်ပြီး တော့ကို တက်ခဲ့တာပါ။ သူ့သင်တန်းကျောင်း တွေနှင့်သူ့အားသာချက်တွေ၊ကောင်းကွက်တွေ ရှိနေကြပါတယ်။ ဒါပေမယ့် တက္ကသိုလ်အဆင့် နည်းစနစ်ကျတဲ့ အချိန်ပေးလေ့ကျင့်သင်ကြား ပေးမှုနှင့် ဂျပန်နိုင်ငံကအသိအမှတ်ပြုလက်ခံတဲ့ တက္ကသိုလ်ကျောင်းအောင်လက်မှတ်ကတော့ YUFL ကလွဲပြီး ဘယ်မှာမှမရှိပါဘူး။ ဒါကို နား လည်သဘောပေါက်ခဲ့မိတဲ့အတွက် ကျွန်မရဲ့မြန် မာနိုင်ငံမှာ ဂျပန်စာလေ့လာသင်ယူမှုခရီးရှည် ကြီးကို YUFL မှာအဆုံးသတ်ခဲ့ပြီး လေးနှစ်တာ ဆိုတဲ့အချိန်တွေကို အသုံးချကုန်လွန်စေခဲ့ပြီး နောက်မှာတော့ ကိုယ့်ကိုယ်ကို အတိုင်းအတာ တစ်ခုအထိ ယုံကြည်မှုရှိရှိနှင့် အခုလိုဂျပန်နိုင်ငံ ကိုထွက်လာခဲ့ခြင်းပဲဖြစ်ပါတယ်။

ကျွန်မ ဂျပန်နိုင်ငံကို ပညာသင်ဖို့ ထွက်လာ ခဲ့ချိန်မှာ ဂျပန်စာ JLPT N2 အောင်ပြီးသွားပါပြီ၊ ဒီနေရာမှာ ပြောပြချင်တာလေး တစ်ခုရှိပါတယ်၊ တချို့ဂျပန်စာ N5 N4 လောက်နှင့်ဂျပန်ကိုလာ ကြတဲ့အကြောင်းပါ။ ကိုယ့်တိုင်းပြည်မဟုတ်တဲ့ နိုင်ငံတစ်ခုမှာ လုံလောက်မှုမရှိတဲ့ Communication Skill တစ်ခုနှင့် ကျောင်းလခငွေတွေနှင့် ကုန်ကျစားရိတ်အားလုံးပေါင်း ခန့်မှန်းခြေအနည်း ဆုံးသိန်းတစ်ရာမှ တစ်ရာ့ငါးဆယ်လောက်ကို ရင်းပြီးတော့ လာဖို့ဆိုတာ သေသေချာချာ စဉ်း စားပြီး ကြိုတင်ပြင်ဆင်သင့်တဲ့ ကိစ္စပါ။ ဒီလိုပဲဟို

**တကယ်ဆို သူတို့တွေရဲ့စကားတွေကို နားလည်တတ်မယ်ဆိုရင် သေအောင်နာရပါတယ်။ သူတို့မှာက မွေးကတည်းက ကိုယ်တွယ်အသုံးချပြီး သူတို့နေ့စဉ်ဘဝနှင့် နေသားကျနေပေမယ့်လို့ ကိုယ်တွေအဖို့ကတော့ သုညကနေစရတဲ့ အခြေအနေမျိုးကို နားလည်ပေးနိုင်တဲ့ ဂျပန်လူမျိုးတွေရှိသလို ...**

ရောက်ရင်သူ့အလိုလိုအဆင်ပြေသွားမှာ ဒီလိုပဲ သွားနေကြတဲ့သူတွေမှအများကြီးတော်ပြီပေါ့ါအ အိအုအဲအော့လောက်ရရင်ဆိုတဲ့ခေတ်က ကျန် နေခဲ့ပါပြီ။ ဒီဘက်ခေတ်ထဲမှာ အဲဒီစကားတွေကို အမှန်ထင် အရဲကိုးပြီး ဂျပန်ကို ရောက်လာကြ သူများ တဖြေးဖြေးနှင့်များလာကြတဲ့အပေါ်မှာ ကျွန်မ စိုးရိမ်မိပါတယ်။ ဖြစ်နိုင်ရင် ကိုယ့်နိုင်ငံမှာ ဂျပန်စာကို အနည်းဆုံး N3 လောက်တော့ သင်ပြီးမှ လာစေချင်ပါတယ်။ ဒီရောက်မှသင်ဖို့ဆိုရင် အတော်လေးပင်ပန်းပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဂျပန်က အလုပ်တွေမှာ သက်သက်သာသာနှင့်ငွေအချောင်ရတဲ့အလုပ်ဆိုတာ မရှိသလောက်ပါပဲ။ပေးထားတဲ့ငွေနှင့်တန်အောင်ထောင့်စေ့နေအောင်ခိုင်းထားသလို စိတ်ရောကိုယ်ပါ ပင်ပင်ပန်းပန်းနှင့်အလုပ်လုပ်ကြရပါတယ်။ အဲဒီ

စိတ်ရဲ့ပင်ပန်းဆင်းရဲမှုတွေဟာ ဘာနှင့်မှကို မတူပါဘူး။ အဲဒီအချိန်ကာလတစ်ခုကို ကြံ့ကြံ့ခံ ကျော်ဖြတ်နေရချိန်မှာ စာကျက်ဖို့ဆိုတာ ခေါင်းထဲမှာ ရှိသည့်တိုင်အောင် စိတ်က မလိုက်နိုင်ပါဘူး။ စိတ်က လိုက်နိုင်သည့်တိုင်အောင်လည်း ပင်ပန်းလွန်းတဲ့ခန္ဓာကိုယ်က တစ်ခါတခါ လက်မခံနိုင်ပါဘူး။ အဲဒီမှာတင် အများကြီး ဒုက္ခရောက်ကြရပါတယ်။ နောက်တစ်ခုကတော့ သူတို့ကိုင်တွယ် အသုံးပြုနေတဲ့ပစ္စည်းတွေဟာ နောက်ဆုံးပေါ်စက်ကိရိယာတွေဖြစ်ပြီး အလုပ်ထဲမှာဆိုရင် ပစ္စည်းတစ်ခုကို ကိုယ်တွယ်အသုံးပြုပုံတားသိုပုံတွေကအစ အသေးအဖွဲ့ကိစ္စရပ်လေးတွေမှာတောင်မှာ သတ်မှတ်ထားတဲ့စည်းစနစ်တွေ အပြည့်နှင့်ပါ။ အဲဒါတွေကို သူတို့ရှင်းပြချိန်မှာ နားမလည်တဲ့အခါမှာလည်း အတော်ဒုက္ခတွေ့တတ်ပါတယ်။ ဗီယက်နမ်လေးတစ်ယောက် ကျွန်မမျက်စိရှေ့မှာတင်ပဲ ရေနွေးအိုး မဖွင့်တတ်လို့ဆိုပြီး အရယ်ခံလိုက်ရတာကို မြင်လိုက်ရဖူးပါတယ်။ ကာယကံရှင်လေးခမျာ အဲဒီဂျပန်က ရယ်ပြီး ပြောလိုက်တဲ့စကားကိုလည်း နားမလည်နိုင်ရှာတော့ သူ့အတင်းပေါ်တင်ကြီး ပြောနေရင်လည်း မသိ ရှာလို့ ရယ်ပဲရယ်နေရှာတာ သနားစရာပါ။

တကယ်ဆို သူတို့တွေရဲ့စကားတွေကို နားလည်တတ်မယ်ဆိုရင် သေအောင်နာရပါတယ်။ သူတို့မှာက မွေးကတည်းက ကိုယ်တွယ်အသုံးချပြီး သူတို့နေ့စဉ်ဘဝနှင့် နေသားကျနေပေမယ့်လို့ ကိုယ်တွေအဖို့ကတော့ သုညကနေစရတဲ့အခြေအနေမျိုးကို နားလည်ပေးနိုင်တဲ့ ဂျပန်လူမျိုးတွေရှိသလို နားမလည်ပေးနိုင်တဲ့သူတွေနှင့်တွေ့ပြီဆိုရင်တော့ သေချာတယ်နောက်ကွယ်မှာရောရှေ့မှာပါ ပေါ်တင်ကြီးကို ပြောနေကြတာပါ။ တစ်ခါတခါ ကိုယ့်ဘက်က မှန်နေလို့ရှင်းပြချင်ရင် တောင်မှ စကားပေါက်အောင်မပြောနိုင်တဲ့အခါမျိုးတွေမှာ တစ်ဦးနှင့်တစ်ဦးကြား နားလည်မှုတွေ လွဲမှားလို့ အထင်လွဲစရာတွေတပုံတပင်နှင့်အဆင်မပြေမှုတွေဖြစ်တတ်ပါတယ်။ ဒါကြောင့် ဂျပန်ကို လာတော့မယ်ဆိုရင် ဂျပန်စာကို ဖုတ်ပူမီးတိုက်သင်ပြီး ထလာတာမျိုးမလုပ်ဘဲနဲ့ အချိန်လေးပေးပြီး အတိုင်းအတာတစ်ခုအထိရောက်အောင် ကြိုးစားပြီးမှ

ရည်ရွယ်ချက်ရှိရှိလေးနှင့် လာစေချင်ပါတယ်။

ရည်ရွယ်ချက်ရှိရှိဆိုတာ တစ်နာရီ ယန်း ၁၀၀၀ ဆိုရင် မြန်မာငွေတစ်သောင်းကျော်ဆိုတဲ့ ငွေနောက်ကို လိုက်ပြီး ပိုက်ဆံရှာဖို့ဆိုတာထက် ကိုယ့်အတွက် နောင်ကြွင်းကောင်းမယ့် ပညာရပ်တစ်ခုခုကို ကိုယ့်နိုင်ငံမှာ ပြန်အသုံးချနိုင်အောင်ဆိုတဲ့ ရည်မှန်းချက်ကလေးကို နိုင်နိုင်မာမာ ချထားပြီး အလုပ်နှင့်ကျောင်းစာကို ညီညီမျှမျှလေး ကြိုးစားတာက ကိုယ့်အနာဂတ်အတွက် ပိုစိတ်ချရလို့ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မကုမ္ပဏီမှာလုပ်ခဲ့တုန်းက ဂျပန်က ပြန်လာပြီး အလုပ် လျှောက်ချင်လို့ပါဆိုတဲ့သူတွေကို အင်တာဗျူးခဲ့ရဖူးပါတယ်။ အံ့ဩစရာကောင်းလောက်အောင်ကိုပါပဲ ဂျပန်မှာ လေးငါးနှစ်လောက်နေခဲ့ပြီးအလုပ်ခွင်မှာ အသုံးချလို့ရလောက်တဲ့ ဂျပန်စာအရည်အချင်းမရှိကြသူတွေနှင့် တွေ့ရတဲ့အခါ ဘာကြောင့်လဲဆိုတဲ့အဖြေကို ကျွန်မ အခုတော့ သိလိုက်ရပါပြီ။ ဒါကြောင့် ကိုယ်က ဂျပန်မှာ တစ်သက်လုံးနေပြီး ပိုက်ဆံရှာ အိမ်ပြန်ပို့လုပ်နိုင်မယ်ဆိုရင်တော့ကောင်းပါတယ်။ ဒီလိုမှ မဟုတ်ဘဲ ဂျပန်မှာနေတုန်းကတော့ ဂျပန်စာကို အပတ်တကုတ်လေ့လာသင်ယူဖို့ဆိုတာထက် ငွေကိုပဲ သည်းကြီးမည်းကြီးရှာခဲ့ပြီး ဗီဇာသက်တမ်း ကုန်လို့ ကိုယ့်နိုင်ငံပြန်ရောက်လာတဲ့အခါမှာ ကိုယ်ပိုင်စီးပွားရေးကို တူထောင်မယ်ဆိုတဲ့သူတွေအတွက်ကတော့ မလိုအပ်ပေမယ့်လို့ CV ကိုင်ပြီး အလုပ်လိုက်လျှောက်ရမယ့်အနေအထားမျိုး ရောက်လာပြီဆိုရင်တော့...။

ဘာကြောင့်လဲဆိုတော့ ဂျပန်မှာ ရှာလာတဲ့ ငွေဆိုတာ တစ်သက်စာ ထိုင်သုံးဖို့လောက်ဝတဲ့ ငွေမျိုး မဟုတ်တဲ့အတွက် သုံးလို့များကုန်သွားပြီ။ ကိုယ်က အလုပ်တစ်ခုခုကို မဖြစ်မနေလုပ်မှ ရတော့မယ့် အနေအထားမျိုးရောက်ရပြီ ဆိုရင် အဲဒီအခါကျမှ နောင်တ ရကြရမှာမို့လို့ပါ။ သည်လိုအဖြစ်မျိုးတွေကို ကျွန်မ အများကြီးမြင်

**ကိုယ်ဘာတွေ ပြင်ဆင်ဖို့လိုအပ်သလဲ ဘယ်လို ရည်ရွယ်ချက်မျိုးနှင့် ဂျပန်လာဖို့ ဆုံးဖြတ်မှာလည်း ဂျပန်ဆိုတာ ဘယ်လိုမျိုးလည်း ဖေ့စ်ဘုတ်တွေပေါ်မှာ ပျော်စရာတွေ အပြည့်နှင့် ဖလန်းဖလန်း ပုံတွေတင် နေချိန်မှာ အဲဒီနောက်ကွယ်က ...**

တွေ့လိုက်ရချိန်မှာ ငါသာ ဂျပန်ရောက်ရင်ဆိုတဲ့အတွေးနှင့် အများကြီး သင်ခန်းစာ ရခဲ့ရပါတယ်။ သည်တော့ လတ်တလော အဆင်ပြေနေမှုတစ်ခုထဲကိုပဲ မကြည့်ဘဲ ရေရှည်ကိုပါ ထည့်တွက်စဉ်းစားသင့်တယ်လို့ ကျွန်မ ထင်မြင်ယုံကြည်မိပါတယ်။ ဂျပန်နိုင်ငံက ပြန်လာပြီး ဂျပန်စာကို ကောင်းကောင်းအသုံးချနိုင်သူတစ်ယောက်ရဲ့မြန်မာနိုင်ငံမှာ ရနိုင်မယ့် အလုပ်အကိုင်အခွင့်လမ်းနှင့် လစာကိုလည်း ထည့်တွက်စဉ်းစားသင့်တယ်လို့ထင်ပါတယ်။ သည်တော့ သူ့ခြံဝင်းထဲက ကိုယ်မပိုင်တဲ့အပင်ကနေ ဆွတ်ယူစားသုံးနေမယ့်အစား ကိုယ့်ဘာသာ အပင်စိုက်လို့ အသီးအပွင့် ဝေဆာလာအောင် ပြုစုပျိုးထောင်ရင်း ကိုယ့်ဘဝအနာဂတ်လမ်းမှာ ကိုယ့်မိသားစု ကိုယ့်ပတ်ဝန်းကျင်နှင့် ကိုယ့်နိုင်ငံအတွက် သစ်တစ်ပင်ကောင်းဖြစ်ဖို့အတွက် ကြိုးစားအားထုတ်လို့ရနိုင်တဲ့အနေအထားမျိုးအထိ ရောက်အောင် သေသေချာချာကြိုးစားအားထုတ်သင့်တယ်လို့လည်း ခံစားမိပါတယ်။

နောက်တစ်ခုက ကျွန်မဆီကို အများဆုံး လှမ်းလှမ်းမေးကြတဲ့ နင်လားဟဲ့ ဂျပန်စာဖတ် ပရိတ်သတ်များအတွက် တစ်ပေါင်းတည်း ဖြေပေးလိုက်ပါတယ်။ ဂျပန်ကို ရောက်ရောက်ချင်း တစ်လလောက်အတောအတွင်းလောက်က သက်

ကတ်စောင့်ရတာ ဘဏ်ကတ် မရသေးတော့ ဖုန်း ဝယ်လို့မရ၊ ဖုန်းမရှိတော့ အလုပ်လျှောက်လို့က မရ၊ အလုပ်လျှောက်လို့ရပြန်တော့လည်း အလုပ်က ချက်ချင်းရှာမရ၊ အလုပ်ရပြန်တော့လည်း လစာက တစ်လကုန်ရင် အပြည့်ရတာမျိုးလည်း မဟုတ်ပြန်၊ ဆိုလိုတာက ဥပမာပြောရမယ်ဆိုရင် ဂျပန်မှာလစာပေးတဲ့စနစ်က ပြီးခဲ့တဲ့လဆယ့်ငါးရက်ကနေ ဒီလဆယ့်ငါးရက်နေ့အထိ လုပ်ခလစာကို ဒီလ ၂၅ ရက်နေ့မှာမှထုတ်ပေးတာမျိုးဖြစ်တဲ့အတွက် ဒီလ ၁၅ ရက်နေ့နောက်ပိုင်းမှ အလုပ်ဝင်မိသူအဖို့ကတော့ နောက်လ ၂၅ ရက်နေ့မှပဲ လစာထုတ်လို့ရမှာပါ။ သည်လိုသည်လိုအခက်အခဲတွေကြောင့်မို့လို့ အနည်းဆုံးတော့၂လစာလောက် ချက်ပြုတ်စားသောက်ဖို့ ရိက္ခာခြောက်တွေ များများသယ်လာဖို့ ဟင်းချက်စားတတ်သူတွေကတော့ ငရုတ်သီးမှုန့် နနွင်းမှုန့် မဆလာ စတာတွေအပြင် ပဲကြိုက်တတ်သူအဖို့ကတော့ ပဲအမျိုးမျိုး လက်ဖက်အကြော်စုံ (ကြိုက်တတ်သူများအတွက်ပါ)ပုစွန်ခြောက်အမှုန့်၊ ပုစွန်ခြောက်၊ ငါးပိထောင်း၊ ငါးခြောက်ဖုတ်အရိုးနွှင်သေချာထုပ်ပိုးထည့်၊ ဆိတ်သားခြောက်၊ ဆိတ်သားခြောက်၊ ငံပြာရည်ကြော်စတဲ့ အကြော်အလှော်တွေကို သယ်မယ်ဆိုရင်လည်း ဆီသေချာစစ် အခြောက်ကြော်လေးဖြစ်အောင် သေချာကြော်၊ City Martဆိုင်တွေမှာတော်တော်များများ ပေါပေါများများ ဝယ်ယူရရှိနိုင်ပေမယ့်လို့ ဂျပန်မှာကတော့ ရှာရမလွယ်ပါ။ မြန်မာဆိုင်မှာ ရှိသည့် အရာများကရှိကြသော်လည်း ဈေးက ခေါင်ခိုက်နေအောင်ကြီးပါသည်။

မြန်မာနိုင်ငံမှာ တစ်သိန်းဖိုးဆိုလျှင် အတော်လေးပြည့်ပြည့်စုံစုံ ဝယ်လို့ရသွားပြီ ဖြစ်ပါသည်။ ငါးပိရေကျို ကြိုက်တတ်သူ အဖို့ကတော့ ငါးပိရေကျိုအခြောက်မှုန့်၊ မုန့်ဟင်းခါးအခြောက်မှုန့် စသည်တို့ကို သေချာပြင်ဆင်ထည့်သိုလာခဲ့ဖို့ လိုအပ်ပါသည်။ သို့သော် ကြာရှည် စွဲစားလျှင်တော့ ကျန်းမာရေးအတွက် ရေရှည်တွင် ထိခိုက်နိုင်သောကြောင့် အလုပ်ရပြီဆိုသည်နှင့် ဂျပန်နိုင်ငံမှ လတ်ဆတ်သောအသီးအနှံများနှင့် အခြားဈေးနှုန်းသင့်တော်ပြီး မြန်မာပါးစပ်နှင့် စား၍ အရသာတွေ့နိုင်မည့် စားသောက်ဖွယ်ရာများကို ချက်ပြုတ်စားသောက်တာက ပိုကောင်းပါသည်။ အရေးကြီးတာတစ်ခုက ဒီမှာ ထမင်းပေါင်းအိုးဈေးကြီးပါသည်။ ပစ္စည်းကတော့ အလွန်ကောင်းပါသည်။ သို့သော် အားလုံးနီးပါး မြန်မာငွေငါးသောင်းခန့်မှ တစ်သိန်းအထက်မှာ ရှိကြပါသည်။ ဖြစ်နိုင်မည်ဆိုလျှင်တော့ ထမင်းပေါင်းအိုးအသေးလေးတစ်လုံးနှင့် မီးပူတော်တော်တန်တန်လေး ဝယ်ပြီးထည့်သိုလာနိုင်လျှင်တော့ ကောင်းပါသည်။ ရောက်ရောက်ချင်း ဒါတွေပါ ဝယ်ရရင်တော့ ပိုက်ဆံအတော်ကုန်သွားမှာဖြစ်ပါသည်။ အိမ်သုံးအိုးခွက်ပန်းကန်ဇွန်းခရင်း စသည့် ပစ္စည်းများကိုတော့ ဂျပန်နိုင်ငံမှာ ယန်း ၁၀၀ ဆိုင်မှာသာ ဝယ်တာအကောင်းဆုံး ဖြစ်ပါသည်။ နောက်တစ်ခုက အိပ်ယာခင်းအပါး၊ စောင်အပါး၊ ခေါင်းဦးစွပ်စသည်များယူလာနိုင်လျှင် ကောင်းပါသည်။ အကယ်၍များ အဆောင်မှာ နေရမည်ဆိုပါက သူတစ်ပါး အသုံးပြုပြီးသားကို ပြန်လည်ထုတ်ပေးတာမျိုးလည်း ရှိတတ်ကြသည့် အပြင် အသစ်ကိုဒီရောက်မှ အစုံလိုက် အကုန်ဝယ်ရလျှင်လည်း ငွေကုန်ကြေးကြ များသောကြောင့်ဖြစ်ပါသည်။

မိန်းကလေးများ ကျောင်းသားသစ်ကြိုဆိုပွဲ၊ စကားပြောပြိုင်ပွဲ၊ ကျောင်းဆင်းပွဲ စသည်တို့တွင် ဝတ်ဆင်နိုင်ကြရန် မြန်မာဝတ်စုံပွဲနေပွဲထိုင် နှစ်စုံသုံးစုံလောက်နှင့် ပုံတော်ဖိနပ်၊ ကတ္တီပါဖိနပ် သယ်ချင်လျှင်တော့တစ်စုံ၊ ကိုယ်စီးသည့်ဖိနပ် တစ်ရံလောက်နှင့် လုံလောက်ပါသည်။ သည်မှာက မြန်မာနိုင်ငံနှင့် ဈေးသိပ်မကွာဘဲ ဖိနပ်လှလှလေးများ ဝယ်လို့ရပါသည်။ ပိုပြီးစီးလို့လည်း ကောင်းပါသည်။ ဖြစ်နိုင်လျှင် ရောက်ရောက်ချင်း ဒေါက်

အရွှန်မပတ်သည့် လေဒီရှူးလို ရှူးဖိနပ်လိုမျိုးကို ဝယ်စီးပါ။ အင်တာဗျူးသွားသည့်အခါမျိုးမှာ ယောက်ျားလေး၊ မိန်းကလေး ညှပ်ဖိနပ်နှင့် ဂွင်းထိုးဖိနပ်လိုမျိုးစီးခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ ဂျင်းဘောင်းဘီကတော့ ဂျပန်မှာ ဈေးကြီးပါသည်။ မဖြစ်မနေလည်း လိုအပ်ပါသည်။ မြန်မာပြည်မှာ တစ်သောင်းကျော်ကျော်နှင့် တော်ရုံကောင်းကောင်းလောက်က ဝယ်လို့ရသောကြောင့် ဝယ်လာသင့်ပါသည်။ သို့သော် အပေါက်အပြဲစတိုင်မျိုးမဟုတ်ဘဲ ရိုးရှင်းသော ဂျင်းအပြာနှင့် အနက်ရောင်လိုမျိုးကို ဝယ်သွားသင့်ပါသည်။ နောက်တစ်ခုက ကုတ်နှင့်တွဲဝတ်ရသည့်စကတ်၊ ရှပ်ကော်လံအကျီစတာတွေ ဈေးသက်သာပြီး ခန္ဓာကိုယ်နှင့် Fit side အဖြစ်ဆုံးဆိုင်ကိုပြောပါဆိုလျှင် ကျွန်မကတော့ Bloom ကို ညွှန်းချင်ပါသည်။ Junction Square အောက်ထပ်မှာ ရှိသလို ဆိုင်ခွဲများလည်း ရှိပါသည်။ တခြားဆိုင်တွေရှိသော်လည်း ထိုဆိုင်မှ Cutting များ ပုံကျသောကြောင့် ဖြစ်ပါသည်။ သည်မှာက မိန်းကလေးအများစု ကုတ်နှင့်တွဲဝတ်ရသည် ခပ်ရိုးရိုးစကတ်အတိုများကိုသာ အဝတ်များသောကြောင့်ဖြစ်ပါသည်။ ဖြစ်နိုင်လျှင် ဂျပန်မှဒီဇိုင်းများမှာ ရိုးရှင်းမှုကို အဓိကအခြေပြုပြီး ချုပ်လုပ်ထားသောကြောင့် ကြည့်လိုက်တာနှင့်ရှင်းနေတာကပင် စတိုင်တစ်ခုလေလားမပြောတတ်ပါ။

ကျွန်မကတော့ အစကတည်းက ပုံတုံးတုံးတွေကိုသာဝတ်တတ်သောကြောင့် ကိုယ်ယူလာခဲ့သည်များနှင့်က ကွက်တိပဲဖြစ်ပါသည်။ ဂျပန်မှာက မိန်းကလေးများ စကတ်ဝတ်လျှင် အသားကတ်ခြေအိပ်နှင့် ဝတ်ကြတာ များပါသည်။ သည်လိုမှမဝတ်လျှင် အမြင်ရိုင်းသည် မသင့်တော်ဟု ကျွန်မကို ဂျပန်တစ်ယောက် ပြောဖူးပါသည်။ ဒါလေးတစ်ခုကိုတော့ သတိပြုစေချင်ပါသည်။ ကုန်တိုက်တွေမှာ အသားကတ်ခြေအိတ်များ အသားရောင် အနက်ရောင် ဈေးပေါပေါနှင့် ဝယ်ယူရရှိနိုင်ပါသည်။ မိန်းမဝတ်အကျီများအတွက်ကတော့ စိတ်ပူပြီး အများကြီးသယ်လာစရာမလိုပါ။ ပိုက်ဆံကို အပိုသုံးမိသလို ဖြစ်သွားမှာ စိုးသောကြောင့်ဖြစ်ပါသည်။ ကုန်တိုက်တွေမှာ Discount ချလျှင် ယန်း ၂၀၀ (မြန်မာငွေ ၂၀၀၀) ကျော်ခန့်မှစ၍ ဈေးသက်သက်သာသာနှင့် ဝယ်ယူ၍ ရနိုင်ပါသည်။

သူတို့ဆီက ပုံတုံးသွားသည့်ဒီဇိုင်း မြန်မာနိုင်ငံမှာ နောက်ဆုံးပေါ် ဖြစ်ချင်ဖြစ်နေတတ်ပါသည်။ အိမ်နေရင်း ပေါ့ပေါ့ပါးပါးဝတ်စုံလေးများကိုတော့ သယ်လာနိုင်လျှင် ကောင်းပါသည်။ နောက်တစ်ခုက အတွင်းခံအဝတ်အစားများကို အထည်အရေအတွက်များများ ဝယ်လာတာက ပိုကောင်းပါသည်။ ရောက် ရောက်ချင်းသာ ဝယ်ရမည်ဆိုလျှင် အတော်ကုန်သွားမည်ဖြစ်ပါသည်။ အလားတူပင် အမျိုးသမီးလစဉ်သုံးပစ္စည်းများ ဝယ်လာသင့်ပါသည်။ ချွေတာလိုသူများအတွက် ဖြစ်ပါသည်။ ကျောင်းတက်မည့်သူက ပေတံ၊ ခဲတံ၊ ဘောပင်၊ ခဲဖျက်၊ ဟိုက်လိုက်ပင် ကွန်ပါဗူး အားလုံးတစ်စုံဝယ်လာခဲ့သင့်ပါသည်။ ဘောပင်ဆိုလျှင် တစ်ဒါဇင်ခန့်ဝယ်လာလျှင် နှစ်ပေါက်အောင် ရေးလို့ရပါသည်။ ကျွန်မကတော့ ကျောင်းတက်ခဲ့သည့် ကာလတစ်လျှောက်လုံးမှာ မြန်မာနိုင်ငံမှာ ၁၀၀ ကျပ်နှင့် ၁၅၀ ကျပ်အတွင်းရှိသော ဘောပင်များကိုသာ အသုံးပြုခဲ့ပါသည်။ အဆိုပါ စာရေးကိရိယာပစ္စည်းများအားလုံး အစုံလိုက်သာသည်မှာ ဝယ်ရလျှင်တော့ အတော်ကုန်ကျပါသည်။

ယန်း ၁၀၀ ဆိုင်လေးများ ရှိသော်လည်း ငါးမျိုး ၅၀၀ မြန်မာငွေငါးထောင်ကျော်လောက်သာဆိုလျှင် မြန်မာနိုင်ငံမှာ ဝယ်ရတာပိုတန်သည်ဟု ထင်ပါသည်။ ဂျပန်ရောက်လျှင်တော့ ရောက်ရောက်ချင်း ပိုက်ဆံကို အပိုမသုံးမိအောင်အထူးသတိထားပြီးချွေတာသုံးသင့်ပါသည်။ စိတ်ပုတီး၊ ဘုရားပုံတော်၊ အဓိဌာန်ဓာတ်ပုံလေးများယူလာကြပြီး ဘုရားကျောင်းဆောင်လေး ပြုလုပ်ကာ



CamScanner

ဘုရားသောက်တော်ရေချမ်းကပ်ခြင်း၊ ဘုရားရှိခိုးခြင်းတို့ကို ပြုလုပ်မည်ဆိုပါက မိဝေး၊ ဘဝေး တစ်ပြည်ရပ်ခြားမှာ နေရသူများအဖို့ စိတ်အေးချမ်းမှုကို ရရှိနိုင်မှာ ဖြစ်ပါသည်။ ပိုက်ဆံသယ်မည်ဆိုလျှင် ယန်းငွေလဲလာသင့်ပါသည်။ ဒေါ်လာသယ်လာလျှင်တော့ သိပ်အဆင်မပြေပါ။

ဒီမှာ ငွေတစ်ခေါက်ပြန်လဲရလျှင် ရှုံးပါသည်။ ချက်ချင်းလဲ သုံး၍မရသောကြောင့် အခက်အခဲဖြစ်သွားနိုင်ပါသည်။ ဖြစ်နိုင်လျှင် စက်ဘီးစီးတတ်အောင်သင်လာခဲ့ပါ။ သည်လိုမှမဟုတ်လျှင်တော့ လမ်းလျှောက်ရပါလိမ့်မည်။ ကိုယ်ဘယ်လိုနေရာမျိုးမှာနေမလဲ ကြိုတင်မသိသေးပေမယ့်လို့ စက်ဘီးလေးတစ်စီးရှိလျှင်တော့ ငွေကုန် အချိန်ကုန်သက်သာစွာဖြင့် လိုရာခရီးသို့ အမြန်ရောက်နိုင်ပါသည်။ စက်ဘီးအသစ်တစ်စီးမှ ဈေးအနည်းဆုံးယန်း ၁ သောင်းနှင့် တစ်သောင်းငါးထောင်အတွင်းလောက်ဆိုလျှင် ဝယ်လို့ရပြီဖြစ်ပါသည်။

သည်လောက်ဆိုလျှင်တော့ အတော်လေးလည်း ပြည့်စုံသွားပြီဟု ထင်ပါသည်။

သည်တော့ကိုယ်ဘာတွေပြင်ဆင်ဖို့လိုအပ်သလဲ ဘယ်လိုရည်ရွယ်ချက်မျိုးနှင့်ဂျပန်လာဖို့ဆုံးဖြတ်မှာလည်း ဂျပန်ဆိုတာဘယ်လိုမျိုးလည်းဖေ့စ်ဘုတ်တွေပေါ်မှာ ပျော်စရာတွေအပြည့်နှင့် ဖလန်းဖလန်းပုံတွေတင်နေချိန်မှာ အဲဒီနောက်ကွယ်က စိတ်ရောကိုယ်ပါပင်ပန်းဆင်းရဲမှုတွေနှင့် တကယ့်လက်တွေ့ဘဝတွေကိုပါ မြင်အောင်ကြည့်နိုင်ဖို့ သိအောင်လေ့လာပြီးမှ နင်လားဟဲ့ ဂျပန် ဆိုပြီး စိန်ခေါ်သင့်ပါကြောင်း။

**(ဆာကူရာပင်ကြီးအောက်မှာဆိုတဲ့ အိပ်မက်လှလှလေးကို မက်နေကြသူများအားလုံး အိပ်မက်တွေဆီ အခက်အခဲမရှိ အောင်မြင်ခြင်းများစွာနှင့် အရောက်သွားနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ရပါတယ်ရှင်။)**





CamScanner